# အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်

| **အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ** | |
|---|---|
| မြန်မာအစိုးရအဖွဲ့အစည်း | |
| **အစိုးရအဖွဲ့အစည်း အကျဉ်းချုပ်** | |
| **ဖွဲ့စည်းသည့်အချိန်** | ၃၁ မတ် ၂၀၁၁; ၉ နှစ် အကြာက |
| **အဖွဲ့အစည်းအမျိုးအစား** | ကောင်စီ |
| **ဌာနချုပ်** | နေပြည်တော် |
| **ဌာနအကြီးအမှူးများ** | ဦးဝင်းမြင့်၊ သမ္မတ |

**အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ** (အင်္ဂလိပ်: *National Defence and Security Council* အတိုကောက် **NDSC**) သည် အဖွဲ့ဝင် ၁၁ ဦးပါဝင်သည့် အမျိုးသားအဆင့် လုံခြုံရေးကောင်စီ တစ်ခုဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် တာဝန်ရှိအဖွဲ့အစည်း ဖြစ်သည်။[၁] ကောင်စီကို ၂၀၁၁ မတ်လ ၃၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။[၂][၃] အဖွဲ့ဝင် ၁၁ ဦးအနက် ၅ ဦးကို တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က ခန့်အပ်သည်။[၃][၄] တပ်မတော်သည် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို အစီရင်ခံရသည်။[၅] ကောင်စီကို မြန်မာနိုင်ငံအခြေခံဥပဒေ(၂၀၀၈) ပုဒ်မ ၂၀၁ အရ ဖွဲ့စည်းခြင်း ဖြစ်သည်။[၆]

**မာတိကာ**


- ၁အဖွဲ့ဝင်များ
- ၂သမ္မတ ဦးဝင်းမြင့်လက်ထက် အဖွဲ့ဝင်များ
- ၃သမ္မတ ဦးထင်ကျော်လက်ထက် အဖွဲ့ဝင်များ
- ၄သမ္မတ ဦးသိန်းစိန် လက်ထက် အဖွဲ့ဝင်များ
- ၅ဝေဖန်မှုများ
- ၆ကိုးကား

## အဖွဲ့ဝင်များ[ပြင်ဆင်ရန်]

အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီကို အောက်ပါအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည်။

- နိုင်ငံတော်သမ္မတ
- ဒုတိယသမ္မတ
- ဒုတိယသမ္မတ
- ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ
- အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ
- တပ်မတော် ကာကွယ်ရေးဦးစီးချုပ်
- ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်
- ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး
- နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး
- ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး
- နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး

## သမ္မတ ဦးဝင်းမြင့်လက်ထက် အဖွဲ့ဝင်များ[ပြင်ဆင်ရန်]

| ရာထူး | အမည် |
|---|---|
| နိုင်ငံတော် သမ္မတ | ဦးဝင်းမြင့် |
| ဒုတိယသမ္မတ | ဦးမြင့်ဆွေ |
| ဒုတိယသမ္မတ | ဦးဟင်နရီဗန်ထီးယူ |
| ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ | ဦးတီခွန်မြတ် |
| အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ | ဦးမန်းဝင်းခိုင်သန်း |
| တပ်မတော် ကာကွယ်ရေးဦးစီးချုပ် | မင်းအောင်လှိုင်၊ ဗိုလ်ချုပ်မှူးကြီး |

| | |
|---|---|
| ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် | စိုးဝင်း (ဒုတိယဗိုလ်ချုပ်မှူးကြီး) |
| ကာကွယ်ရေးဝန်ကြီး | စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး |
| ပြည်ထဲရေး ဝန်ကြီး | • ကျော်ဆွေ (ဒုတိယဗိုလ်ချုပ်ကြီး) (၂၀၁၈ -၂၀၂၀)<br>• ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် |
| နိုင်ငံခြားရေး ဝန်ကြီး | ဒေါ်အောင်ဆန်းစုကြည် |
| နယ်စပ်ရေးရာဝန်ကြီး | ရဲအောင် (ဒုတိယဗိုလ်ချုပ်ကြီး) |

# သမ္မတ ဦးထင်ကျော်လက်ထက် အဖွဲ့ဝင်များ[ပြင်ဆင်ရန်]

| ရာထူး | အမည် |
|---|---|
| နိုင်ငံတော် သမ္မတ | ဦးထင်ကျော် |
| ဒုတိယသမ္မတ | ဦးမြင့်ဆွေ |
| ဒုတိယသမ္မတ | ဦးဟင်နရီဗန်ထီးယူ |
| ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ | ဦးဝင်းမြင့် |
| အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ | ဦးမန်းဝင်းခိုင်သန်း |
| တပ်မတော် ကာကွယ်ရေးဦးစီးချုပ် | မင်းအောင်လှိုင်၊ ဗိုလ်ချုပ်မှူးကြီး |
| ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် | စိုးဝင်း (ဒုတိယဗိုလ်ချုပ်မှူးကြီး) |
| ကာကွယ်ရေးဝန်ကြီး | စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး |

| | |
|---|---|
| ပြည်ထဲရေး ဝန်ကြီး | ကျော်ဆွေ (ဒုတိယဗိုလ်ချုပ်ကြီး) |
| နိုင်ငံခြားရေး ဝန်ကြီး | ဒေါ်အောင်ဆန်းစုကြည် |
| နယ်စပ်ရေးရာဝန်ကြီး | ရဲအောင် (ဒုတိယဗိုလ်ချုပ်ကြီး) |

## သမ္မတ ဦးသိန်းစိန် လက်ထက် အဖွဲ့ဝင်များ[ပြင်ဆင်ရန်]

၂၀၁၃ ဇူလိုင် ၉ ရက်နေ့အထိ ကောင်စီကို အောက်ပါအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည်။[၇][၈][၉]

| ရာထူး | အမည် |
|---|---|
| နိုင်ငံတော်သမ္မတ | ဦးသိန်းစိန် |
| ဒုတိယသမ္မတ | စိုင်းမောက်ခမ်း |
| ဒုတိယသမ္မတ | သီဟသူရ ဦးတင်အောင်မြင့်ဦး |
| | ဦးညဏ်ထွန်း |
| ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ | သူရဦးရွှေမန်း |
| အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ | ဦးခင်အောင်မြင့် |
| တပ်မတော် ကာကွယ်ရေးဦးစီးချုပ် | မင်းအောင်လှိုင်၊ ဗိုလ်ချုပ်မှူးကြီး |
| ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် | စိုးဝင်း (ဒုတိယဗိုလ်ချုပ်မှူးကြီး) |

| | |
|---|---|
| ကာကွယ်ရေးဝန်ကြီး | ဝေလွင် (ဒုတိယဗိုလ်ချုပ်ကြီး) |
| ပြည်ထဲရေး ဝန်ကြီး | ကိုကို (ဒုတိယဗိုလ်ချုပ်ကြီး) |
| နိုင်ငံခြားရေး ဝန်ကြီး | ဦးဝဏ္ဏမောင်လွင် |
| နယ်စပ်ရေးရာဝန်ကြီး | သက်နိုင်ဝင်း (ဒုတိယဗိုလ်ချုပ်ကြီး) |

## ဝေဖန်မှုများ[ပြင်ဆင်ရန်]

ကာလုံတွင် အဖွဲ့ဝင် (၁၁) ဦးရှိသည့်အနက် (၆) ဦးမှာ တပ်မတော်မှ ခန့်အပ်သူများဖြစ်သဖြင့် တပ်မတော်ဘက်က အသာစီးရနေသည်ဟု ဝေဖန်မှုများရှိသည်။[၁၀]

## National security — အမျိုးသားလုံခြုံရေး

FEB 17, 2017*BY* **COORDINATOR***IN* **INTERNATIONAL STANDARDS စံချိန်စံညွှန်းများ**

UN Sub-Commission on Prevention of Discrimination and Protection of Minorities, Siracusa Principles, Principle B(iv) defines when a restriction can be said to serve national security:

- National security may be invoked to justify measures limiting certain rights only when they are taken to protect the existence of the nation or its territorial integrity or political independence against force or threat of force.
- National security cannot be invoked as a reason for imposing limitations to prevent merely local or relatively isolated threats to law and order.
- National security cannot be used as a pretext for imposing vague or arbitrary limitations and may only be invoked when there exists adequate safeguards and effective remedies against abuse.
- A state responsible for systematic violation of human right shall not invoke national security as a justification for measures aimed at suppressing opposition to such violation or at perpetrating repressive practices against its population.

- Very often, national security/public order and safety restrictions are impermissibly vague or respond to statements which pose only a hypothetical risk of harm
- Often courts are prevented from assessing the rationale of the authority's decision aiming at protection of public order or public safety or national security.

The Tshwane Principles provide that there should be a presumption of overriding interest in favour of disclosure of information relating to the following:

1. violations of international human rights and humanitarian law;
2. deprivation of life or liberty or torture;
3. structure and powers of government;
4. decisions to use military force or acquire weapons of mass destruction;
5. overall legal framework concerning surveillance;
6. financial information concerning state budget or procurement;
7. existence and scale of abuses of power by public authorities,
8. imminent or actual threat to public health, safety and environment.

Sometimes people call to overthrow government or for insurrections. It may be legitimate to restrict such statements for the protection of public order or safety. Normally the key issue to examine is whether

1. the statements were made with intent to cause harm to public order/public safety, and
2. there is a clear nexus between the statement and the likelihood of this harm occurring.

The Johannesburg Principles says that the expression may be punished only if the government can demonstrate that:

(a) the expression is intended to incite imminent violence;

(b) it is likely to incite such violence; and

(c) there is a direct and immediate connection between the expression and the likelihood or occurrence of such violence.

ကမ္ဘာ့ကုလသမဂ္ဂ ၏
လူမျိုးရေးခွဲခြားမှုနှင့်လူနည်းစုများကာကွယ်ရေးဆပ်ကော်မတီကအမျိုးသားလုံခြုံရေး ဟူသောဝေါဟာရကို သူ၏ ဆိုင်ရာကျူစည်းမျဉ်းဖြင့် ရှင်းလင်းရန်ကြိုးပမ်းခဲ့ သည်။ ထိုစည်းမျဉ်းအပိုဒ် B(iv) တွင် ဖွင့်ဆိုထားသည်မှာအောက်ပါအချက်များသည် အမျိုးသားလုံခြုံရေးကိုအကျိုးပြုသည့်ကန့်သတ်ချက်များဖြစ်သည် ဟုခေါ်ဆိုနိုင်သည်-

- ဤအဓိပ္ပာယ်ဖွင့်ဆိုချက်များအရအမျိုးသားလုံခြုံရေးပေါ်တွင်အခြေခံသောကန့်သတ်တားဆီး ချက် မှုများသည် သာမန်ရာဇဝတ်မှုများနှင့်ကွဲပြားနားသော နိုင်ငံတည်တံ့ရေး၊နယ်မြေစိုးမိုးခိုင်မာရေးသို့မဟုတ် နိုင်ငံရေးလွတ်လပ်ခွင့်များကိုခြိမ်းခြောက်မှုများအားရင်ဆိုင် ဖြေရှင်းနိုင်မှသာလျှင် တရားမျှ တသောကန့်သတ်တားဆီး ပိတ်ပင်မှုများအဖြစ်မှတ်ယူနိုင်သည်။
- အများပြည်သူငြိမ်ဝပ်ပိပြားရေးဆိုသည်မှာလူ့ဖွဲ့အ စည်း၏ လုပ်ငန်းဆောင်တာများကိုအာမခံသောစည်းမျဉ်းအစုအပေါင်းပင်ဖြစ်သည်၊သို့မဟုတ် လူ့အဖွဲ့အစည်း တည်ဆောက်ထားသည့် အခြေခံစည်းမျဉ်းများပင် ဖြစ်သည်။
- အများပြည်သူလုံခြုံစိတ်ချရေးဆိုသည်မှာလူများ၏လုံ ခြုံရေး။ အသက် စည်းစိမ်အိုးအိမ်များ၏အန္တရာယ်ကိုကာကွယ်ခြင်းမည်ပေသည်။
- အများပြည်သူလုံခြုံရေးနှင့်အမျိုးသာလုံခြုံရေးများကိုအကြောင်းပြု၍လွတ်လပ်စွာဖေါ်ထုတ်ပြောဆိုခြင်းကို ကန့်သတ်နိုင်သောဥပမာများမှာ- အမျိုးသားလုံခြုံရေး၊အများပြည်သူလုံခြုံစိတ်ချရေးနှင့် အများ ပြည်သူငြိမ်ဝပ်ပိပြားရေးဆိုင်ရာဥပဒေများနှင့် လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခြင်းတို့ ထိတွေ့ရင်ဆိုင်မှု ဖြစ်ပွားခြင်းများမှာသတင်းအချက်အလက်အမျိုးအစားကိုခွဲခြားသောဥပဒေနှင့် စစ်ဖက် ဆိုင်ရာ၊ပုန်ကန်ထကြွရန်နှင့်

အစိုးရကိုဖြတ်ချရန်ရည်ရွယ်သောသတင်းအချက် အလက် များကို ဖြန့်ချီ ခြင်းကိုတားဆီးပိတ်ပင်ခြင်းတို့နှင့်ဆိုင်သောဥပဒေများပင်ဖြစ်သည် ။

- မကြာခဏဆိုသလိုပိုင်၊ အမျိုးသားလုံခြုံရေး၊အများပြည်သူငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးကန့်သတ်ချက်များသည် ခွင့်မလွှတ်နိုင်အောင်သိသာမြင်သာမှုကင်းခြင်းသို့မဟုတ် အန္တာရာယ်ဖြစ်နိုင်ချေကိုတုံ့ပြန်သောအချက်များဖြစ်နေတတ်ပြီး အစိုးရအားဝေဖန်မှုများကိုတားဆီးရာတွင်သုံးသောကိရိယာများဖြစ်နေတတ်သည်။
- တရားရုံးများအားမကြာခဏဆိုသလိုအာဏာပိုင်င်များ၏အမျိုးသားလုံခြုံရေး၊ အများပြည်သူ ငြိမ်ဝပ် ပိပြားရေးနှင့်လုံခြုံရေးကန့်သတ်ချက်များကိုကာကွယ်မည့် ဆုံးဖြတ်ချက်များကိုသုံးသပ်ချက် မပြုလုပ်ရန်တားမြစ်ခံရသည်။ဥပမာ- ဥပဒေသည်တရားရုံးအား သတင်းအချက်အလက်များ ကိုအမျိုးအစားခွဲခြားခြင်းအားအကဲဖြတ်ခွင့်ပေးမထားချေ၊ သို့ဖြစ်သောကြောင့် အစိုးရများသည် အမျိုးသားလုံခြုံရေး၊အများပြည်သူတည်ငြိမ်အေးချမ်းရေးကိုလွယ်ကူစွာအကြောင်းပြ၍ ၄င်းတို့၏ အပြုအမူများအတွက်အများပြည်သူ၏ ထိန်းချုပ်မှုနှင့် ဝေဖန်သုံးသပ်မှုများမှကင်းလွတ်အောင် ဆောင် ရွက်နိုင်ကြသည်။

တရွာနီစည်းမျဉ်းအရ အောက်ပါ အချက်များနှင့် ဆက်စပ်သော အခြေအနေတွင် မြင့်မားသောလူထုအကျိုးစီးပွား ယုံကြည်ချက်ကို ထောက်ပံ့ပေးထားသည်။

၁။နိုင်ငံတကာလူ့အခွင့်အရေးနှင့်လူ့ဂုဏ်သိက္ခာနှင့်ဆိုင်သောဥပဒေကိုချိုးဖေါက်ခြင်း

၂။ လွတ်လပ်မှု သို့မဟုတ်လူ့ဘဝကို နှုတ်ပယ်ခြင်းသို့မဟုတ်ညှင်းပန်းနှိပ်စက်ခြင်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်

၃။ အစိုးရတည်ဆောက်ဖွဲ့စည်းပုံနှင့် အာဏာနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ

၄။ စစ်အင်အားကိုအသုံးချရန်ဆုံးဖြတ်ချက်သို့မဟုတ် အစုအပြုံလိုက် ထိခိုက်စေသော လက်နက်ရယူခြင်း

၅။

မည်သည့်အရာကိုမဆိုစောင့်ကြည့်ရခြင်းနှင့်သက်ဆိုင်သောဥပဒေရေးရာအခြေခံတစ်ခုလုံး

၆။ နိုင်ငံတော် ဘတ်ဂျက်နှင့်သက်ဆိုင်သောငွေကြေးဆိုင်ရာသတင်း အချက်အလက်များ သို့မဟုတ် စာရင်းစစ်ချုပ်တင်သွင်းသောအစီရင်ခံစာ

၇။ ပြည်သူ့ဝန်ထမ်းကအာဏာကိုအလွဲသုံးစားပြုသည့်သတင်းအချက်အလက်များ
၈။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လုံခြုံရေးနှင့် ကျန်းမာရေးတို့နှင့်
ပတ်သက်ပြီးအန္တရာယ်ရှိနိုင်သော သတင်းအချက်အလက်များကို လူထုနားလည်
သဘောပေါက်စေနိုင်စေသည့် သတင်း အချက်အလက်များ။

တစ်ခါတစ်ရံတွင် လူတို့သည်အစိုးရကိုဖြုတ်ချရန် သို့မဟုတ်ပုန်ကန်၊သူပုန်ထရန် စုစည်း ကြသည်။ ယင်းကိုပြည်သူလူထုတည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံစိတ်ချစေရေးအတွက်
ထိုသို့သော ထုတ်ဖော်မှု မျိုးများကိုတရားဝင်ကန့်သတ်ခြင်းသည်တရားဝင် ဖြစ်နိုင် ပေသည်။
ပုံမှန် အားဖြင့် စီစစ်သောအဓိကပြဿနာသည် (၁) ဖွင့်ဆိုတင်ပြမှုသည်
ပြည်သူလူထုတည်ငြိမ်အေးချမ်းရေးနှင့်စိတ်ချလုံခြုံရေးကိုပျက်ပြားစေရန်ရည်ရွယ်ထားခြင်းရှိမရှိ၊ (၂)ဖွင့်ဆိုတင်ပြချက်များနှင့်ထိုသို့သောအန္တရယ်ဖြစ်နိုင်ချေတို့
အကြားရှင်းလင်းပြတ်သားသောဆက်စပ်မှုရှိမရှိတို့ဖြစ်သည်။
ဂျိုဟန် နက်စဘာ့ မူအရထို “ရည်ရွယ်ချက်”နှင့် “ဆက်စပ်မှု” တို့အား
အကျဉ်းချုပ်ပြထားသည်။
အစိုးရကအောက်ပါအချက်များကိုသက်သေပြနိုင်သောအခါမှသာလျှင်
အပြစ်ပေးခြင်းကိုပြုလုပ်နိုင်သည်။ ယင်းတို့မှာ

(က)ထုတ်ပြောဆိုမှုသည် လတ်တလောအကြမ်းဖက်မှုများကိုလှုံ့ဆော်ရန်ရည်ရွယ်ခြင်း

(ခ) ယင်းအကြမ်းဖက်မှုများကိုလှုံ့ဆောင်နိုင်ချေရှိခြင်း

(ဂ)ထုတ်ဖော်ပြောဆိုမှုနှင့် အကြမ်းဖက်မှုဖြစ်နိုင်ချေသို့မဟုတ်ဖြစ်ပေါ်နေခြင်းတို့နှင့်
တိုက်ရိုက် ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ဆက်စပ် မှုရှိနေခြင်း

***Renaissance Myanmar***
15 June 2017 ·

မြန်မာနိုင်ငံ၏အမျိုးသားလုံခြုံရေး (National Security)
------- ဘိုဘိုကျော်ငြိမ်း --------

နိုင်ငံတိုင်းအတွက် အမျိုးသားလုံခြုံရေး (National Security) ဆိုတာအရေးကြီးသလို ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Sovereign Rights) မျက်စိနဲ့ကြည့်ရင် သာမာန်အရေးကြီးရုံမက (လွန်စွာ) အရေးကြီးတယ်လို့တောင်သပ် မှတ်ရပါမယ်။ ထို့အပြင် အစိုးရကဏ္ဍပေါင်းစုံ ၊ ဌါနပေါင်းစုံ လာစုမိရာစုရပ်လို့လည်းပြောနိုင်ပါတယ်။ မြန်မာနိုင်ငံ လို လူဦးရေအများဆုံး နိုင်ငံကြီး (၂) နိုင်ငံခြားမှာ ညပ်နေတဲ့နိုင်ငံလေးအဖို့ပြောဖွယ်ရာမရှိပါ။ ထို့ပြင်လွပ်လပ် ရေးရကတည်းက ဘွားဖက်တော်အဖြစ်ပါလာသော ပြည်တွင်းလက်နက်ကိုင်အဖွဲ့ပေါင်းများစွာကလည်း နှစ်ပေါင်း (၆၀) ကျော်လာသည့်တိုင် ငြိမ်းချမ်းရေးမရနိုင်ကြသေးရာ “လုံခြုံရေး” ဆိုသည့်စကားလုံးမှာ အဓိပ္ပါယ်ပိုရှိလာပါတော့ သည်။

လုံခြုံရေးဆိုရာဝယ် (ပြည်ပ) ရန်မှကာကွယ်ရသော (တပ်မတော်) သည်အဓိကအခန်းကဏ္ဍမှာပါဝင်သော် လည်း၊ တပ်မတော်တစ်ခုတည်းနဲ့ပြီးသွားသည်မဟုတ်ပါ၊ ပြည်တွင်းလုံခြုံရေးကိုတာဝန်ယူရသော ပုလိပ်အဖွဲ့ ၊ ထောက်လှမ်းရေးအဖွဲ့များနှင့်နိုင်ငံခြားနိုင်ငံများနှင့်ဆက်ဆံရသော “နိုင်ငံခြားရေးဌါန” လည်းပါဝင်လာပြန်သည်။ အမေရိကန်လို ကမ္ဘာ့အင်အားကြီးနိုင်ငံတွင် လုံခြုံရေးဆိုရာတွင် ပြည်တွင်းအန္တရယ်ထက်ထက် ပြည်ပအန္တရယ် ကိုပိုအလေးပေးခဲ့ပါသည်။ ယခင်ကပြည်တွင်းလုံခြုံရေးဆိုသည်မှာ FBI အက်ဖ်ဗီအိုင်တခုထည်းကသာဖက်ဒ ရယ်အဆင့်မှာတာဝန်ယူကြရပါသည်။ ပြည်နယ်တိုင်းမှာ ပြည်နယ်ရဲအဖွဲ့ရှိကြပါသည်။ အမေရိကားလိုနိုင်ငံတွင် ဒေသအလိုက်ရဲ့တပ်အဖွဲ့ကို ဒေသအလိုက်သာဖွဲ့စည်းတာဝန်ယူကြရပြီး ၊ မြန်မာနိုင်ငံမှာကဲ့သို့ တပြည်လုံးအ တိုင်းအတာနှင့်တာဝန်ယူရသော ရဲတပ်ဖွဲ့မရှိကြပါ။ Localized Policing ဟုခေါ်သည့် ဒေသအ လိုက်ရဲတပ်ဖွဲ့ ၊ ပြည်နယ်အလိုက်ပြည်နယ်အဆင့်ရဲတပ်ဖွဲ့များသာရှိကြပါသည်။ ဆိုဗီယက်လိုကွန်မြူနစ်နိုင်ငံများတွင်သာ (လုံထိန်း) ကဲ့သို့ရဲတပ်ဖွဲ့ ၊ တပ်ရင်းများ ၊ တပြည်လုံးဆိုင်ရာ ရဲချုပ်တို့ရှိကြပါသည်။ တရုတ်ပြည်တွင်တော့ တပ် နီကိုအုပ်ချုပ်သော “စစ်ကောင်စီ” (Military Council) တွင်ပုလိပ်တပ်ဖွဲ့ဝင်များပါဝင်၍(ပြည်တွင်း) အန္တရယ် အတွက် (အသုံး) စရိတ်သည် (ပြည်ပ) အန္တရယ်အတွက် အသုံးစရိတ် (ဂါ) စစ်တပ်အသုံးစရတ်ထက်များသည် ဟုသိရပါသည်။

၉-၁၁ မတိုင်ခင်က အမေရိကန်စစ်တိုင်းများသည် အမေရိကန်ပြင်ပ ကမ္ဘာ့ကြီးကိုခွဲ တာဝန်ယူကြရပါသည်။ ပြည်တွင်းအတွက် National Guards တွေကသာတာဝန်ယူကြရပါသည်။ ၉-၁၁ အပြီးမှသာ Homeland Command ဆိုပြီး စစ်တိုင်းတစ်တိုင်းကိုအသစ်ဖွင့်ခဲ့ရပါတယ်။ ထို့အပြင် Homeland Security ဆိုတဲ့ ပြည်တွင်း လုံခြုံရေးဆိုတဲ့ ဝန်ကြီးဌါနတခုအသစ်ကိုထပ်မံဖွဲ့စည်းပြီး ခွဲပြားနေသောထောက်လှမ်းရေးဌါနများကိုလည်း စနစ် ကျအောင်ပေါင်းစည်းခဲ့ကြရပါတယ်။ ပြည်တွင်းတွင်ဗုံးပေါက်သကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှု (Terrorists Attack) ဖြစ်ခဲ့သည်ရှိသော် ကြီးကြပ်ကွက်ကဲရန် Command Center ကိုလည်းအသစ်စီမံခဲ့ရပါသည်။ ထို့ ကြောင့် ၉-၁၁ အပြီးတွင် အမေရိကန်တို့၏ (ပြည်တွင်း) လုံခြုံရေး Homeland Security သည်လည်း ဖွဲ့စည်းပုံ ပုံသဏ္ဍာန်အသစ်အဖြစ်အစိုးရအဖွဲ့တွင်ပါဝင်ခဲ့ရပေပြီ။

အမေရိကန်အစိုးရပုံသဏ္ဍာန်တွင် အုပ်ချုပ်ရေးအာဏါသည် အမေရိကန်သမ္မ၏တာဝန်သာဖြစ်ပေသည်။ ထို့ ကြောင့် အမေရိကန်သမ္မတ၏ အမျိုးသားလုံခြုံရေးအကြံပေး အရာရှိသည် အလွန်အရေးပါ၍ တန်ခိုးကြီးပါ သည်။ လက်ရှိလုံခြုံရေးကောင်စီတွင် Homeland Security ပြည်တွင်းလုံခြုံရေးဝန်ကြီသည်လည်း ပါဝင်လာ သော်လည်း ကာကွယ်ရေးဝန်ကြီး နှင့် နိုင်ငံခြားရေးဝန်ကြီးတို့လောက် ဩဇာမကြီးရှာပါ။ နံနက်မိုးလင်သည်နှင့် သမ္မတကို CIA က Threat Report ဆိုတာကိုတင်ပြရပါသည်။ ယခင်က Intelligence Report ဟုခေါ်ပါသည်။ ယနေ့ခေတ်အချိန်မှာတော့ အကြမ်းဖက်သူ (Terrorists) များ၏ အသေခံဗုံးဖေါက်မှုများသည် (ဖြစ်စဉ်) သဖွယ် ဖြစ်ပေါ်နေသဖြင့် ဗုံးခွဲမည့် အကြမ်းဖက်သမားများ ဘယ်ပြည်နယ်ဘယ်နေရာတွင် ရှိနိုင်ပါသည်၊ ဘယ်ပြည်နယ် ဘယ်နေရာတွင် ဗုံးဖေါက်ဖို့သတင်းရရှိထားပါသည် ၊ ဘယ်လောက်ဖြစ်နိုင်ခြေရှိပါသည်။ မိမိတို့ကလက်ဦးမှုရရှိ မရှိ ၊ စသည့် (အန္တရယ်) သတင်းပေးမှု Threat Report ကိုအလျှင်တင်ပြကြရပါသည်။ ဗုံးပေါက်ခဲ့သည်ရှိသော် အိမ်ဖြူတော်မှ သတင်းချက်ချင်းထုတ်ပြန်၍ ပြည်သူတွေ စိုးရိမ်စိတ်မဖြစ်ရအောင် သမ္မတကညွှန်ကြားထားရမည် မဟုတ်ပါလော။

တကမ္ဘာလုံးတွင် စီအိုင်အေ (CIA) သည် (၄၅) ကြီးဖြစ်သော်ငြားလည်း ၊ တကယ် အရေးကြီးပြီး (၄၄) အသုံး

နိုင်ဆုံးမှာ NSA (National Security Agency) ဟုခေါ်ပါသည်။ တကမ္ဘာလုံးရှိ ဆက်သွယ်ရေးများကို (ခိုး) နားထောင်နိုင်သည့် (Electronic Surveillance) – "လျှပ်စစ်ထောက်လှမ်းရေး" ဟုခေါ်ပါသည်။ လေပေါ်တွင် လျှပ်စစ်ဆက်သွယ်ရေး မှန်သမျှကို ခိုးဖမ်းထားသောဌါနဖြစ်ပါသည်။ စာရေးသူ စစ္စကို (Cisco) ကုမ္ပဏီကြီးတွင် အလုပ်လုပ်စဉ်က Black Agencies များနှင့်ဆက်ဆံရပါသည်။CIA ရုံးအတွင်းဝင်ရန်သာမန်အားဖြင့်အမေရိကန်နိုင်ငံသားဖြစ်ရပါသည်။ Passport နံပတ်ပေးနိုင်လျှင် လုံလောက်ပါပြီ။ NSA သို့ဝင်ခွင့်ရရန် အရောင်းကိုယ်စလှယ် (Sales Rep) က စာရေးသူရဲ့ ကိုယ်ရေးရာဇဝင်ကို တရက် နှစ်ရက်ကြိုပို့ထားရပါတယ်။ ဝင်လာသူတိုင်း ကိုနောက်ကြောင်းရာဇဝင် ကင်းမကင်းစစ်ဆေးသည့်သဘောပါ။ ဒါ ၉-၁၁ မတိုင်ခင်ခေတ်အချိန်ကပါ။
လွန်ခဲ့တဲ့ အနှစ် (၃၀) ကျော် ဆိုဗီယက်ခေတ်ကာလက Korean Airline ကိုးရီးယားလေကြောင်းလေယဉ်တဆင်းသည် ဆိုဗီယက်လေကြောင်းပိုင်နက်အတွင်းသို့ မှားရောက်ဝင်လာခဲ့ရာ ဆိုဗီယက်လေတပ်စစ်လေယဉ်က ပစ်ချခဲ့ပါသည်။ ဆိုဗီယက်တွေ မငြင်းနိုင်သည်မှာ ဆိုဗီယက်လေကြောင်းကာကွယ်ရေးအာဏါပိုင်တွေနှင့် စစ်လေယဉ်မှူးတွေအကြား၊ ပြောဆိုအမိန့်ပေးပုံ..(အသံ) ကို NSA ကဖွင့်ပြနိုင်သောကြောင့်ဖြစ်ပါသည်။ ဆိုဗီယက် ၊ တရုတ်ခေါင်းဆောင်တို့ ၊ ယောင်လို့များ ကားထဲမှာ အရေးကြီးသောစကားမပြောလေနှင့် NSA က (ခိုး) နားထောင်ပြီးသားဖြစ်ပေသည်။ ဂျာမန်ဝန်ကြီးချုပ် Merkel ၏ဖုံးများကို ခိုးနားထောင်သူတွေမှာလည်း NSA ကပင်ဖြစ်သည်။ Defense Intelligence – Satellite Gathering စသည့် ထောက်လှမ်းရေးဆိုင် ဌါနပေါင်း ၂၇ ခုရှိပါတယ်။ ဒီထောက်လှမ်းရေးအေဂျင်စီတွေကို Black Agencies ဟုခေါ်ကာ ၎င်းတို့၏ ဘတ်ဂျက်ကိုအစိုးရက မကြေငြာပါ။ ဤမျှဆို အမေရိကန်ပြည်ထောင်စု၏ (လုံခြုံရေး) အတွက်.ငွေသုံးမှုကို တွက်ဆလို့ရပါပြီ။
အမေရိကန်နိုင်ငံတွင် သမ္မတ၏အမျိုးသားလုံခြုံရေးအကြံပေး၏တာဝန်မှာဌါနအသီးသီးမှတက်လာသောသတင်း report တွေကို ဖက်လိုက်မှုမပါပဲ တိုင်းပြည်နှင့် အမျိုးသားလုံခြုံရေးသက်သက် သမ္မတ (သိမြင်) နိုင်ရန် (ဒိုင်သူကြီး) လုပ်ကာ သမ္မတကို တင်ပြရန်ဖြစ်သည်။ လုံခြုံရေးနှင့်ပတ်သက်၍ (ပေါ်လစီ) ချရန် သမ္မတကညွှန်ကြားခဲ့သည်ရှိသော် ပေါ်လစီဖြစ်မြောက်ရေးတွင်လည်း (ဒိုင်) လုပ်ကာ ဦးဆောင်ရပေသည်။
မြန်မာနိုင်ငံ၏ထူးခြားချက်မှာ ၁၉၆၂ ခုနှစ်မှ စစ်တပ်ကအာဏါသိမ်းထားခဲ့သောကြောင့် တိုင်းပြည်နှင့် အမျိုးသား လုံခြုံရေးဆိုသည်မှာ စစ်အာဏါရှင်၏လက်ထဲတွင်ရှိပါသဖြင့် အရာရာကို စစ်တပ်ကသာလွှမ်းမိုးထားခဲ့ပေသည်။ ပါလီမန်ဒီမိုကရေစီခေတ်က စသုံးလုံးဟုခေါ်သော အထူးစုံစမ်းစစ်ဆေးရေး (BSI)ကို အလွန်ထက်မြက်သော ဦးချမ်းသာ (ICS) ကဦးဆောင်၍ ဝန်ကြီးချုပ်ဦးနုကထိုက်ရိုက်ကိုင်ပါသည်။ စစ်ထောက်လှမ်းရေးဆိုသည်မှာတိုက်ပွဲအတွက်ရန်သူသတင်းရယူရန်စစ်သတင်းကိုသာအဓိကထား စုံစမ်းရပါသည်။ ကွန်မြူနစ် ယူဂျီသတင်း ၊ တခြားနိုင်ငံရေးသတင်းများသည် (ရဲ) ပုလိပ်လက်အောက်(SB) နှင့် BSI တို့ကကိုင်ပါသည်။ ကိစ္စအဂဂကိုကက်ဘိနက်က ဆုံးဖြတ်ရပါသည်။ လုံခြုံရေးအတွက် ဝန်းကြီးချုပ်ပြီးရင်ပြည်ထဲရေးဝန်ကြီးက အရေးပါလာပါသည်။
ဗိုလ်ချုပ်ကြီးနေဝင်းစစ်အာဏါသိမ်းပြီးမှသာ စစ်ထောက်လှမ်းရေးက ကြီးထွားအရေးပါလာကာ စစ်ထောက်လှမ်းကလွှမ်းမိုးသွားခဲ့သည်ပါ။ ယခင် ပုလိပ် (ရဲ) အောက်ရှိ SB – BSI – CID အားလုံးကို NIB ဟုခေါ်စေ၍ ဗိုလ်မှူးကြီးလေးမောင်အောက်တွင်ထားရှိခဲ့ကာ စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးချုပ်တင်ဦး (မျက်မှန်) ကို ဗိုလ်မှူးကြီးလေးမောင်နှင့် အသာတွေ့ပေးထားသည်ပါ။ သို့သော်ထောက်လှမ်းရေး၏အာဏါစက်သည် ပြင်းထန်လွန်းသဖြင့် NIB သည်ခေါင်းမထောင်နိုင်ခဲ့ပါ။ ဗိုလ်ချုပ်ကြီးခင်ညွှန့်ဦးဆောင်သော ထောက်လှမ်းရေး ကာလတွင်တော့ NIB သည် ထောက်လှမ်းရေးခြေဖျားအောက်တွင် ပြားပြားဝပ်ခဲ့ရပါသည်။
အာဏါရှင်ဗိုလ်ချုပ်မှူးကြီးသန်းရွှေလက်ထက် ၊ ပြည်တွင်းလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးယူမှုတွင် ဗိုလ်ချုပ်ကြီးခင်ညွှန့်ကသာ ဦးဆောင်ဖေါ်ထုတ်ခဲ့သဖြင့် ပြည်တွင်းလုံခြုံရေးသည် ထောက်လှမ်းရေးလက်ထဲတွင်ရှိ၍ ပြည်ပလုံခြုံရေးသည် စစ်တပ်လက်ထဲတွင်သာရှိခဲ့သည့် အစဉ်အလာ မြန်မာနိုင်ငံတွင်ကြီးထွားခဲ့ပါသည်။ ထို့ပြင်နိုင်ငံခြားရေးဌါနသည်လည်း ထောက်လှမ်းရေးကလွှမ်းမိုးထားသည်ပါ။ ဗိုလ်ချုပ်ကြီးခင်ညွှန့်ဦးဆောင်သော စစ်ထောက်လှမ်းရေးကို ဖြုတ်ချပြီးနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်စစ်ဖက်ထောက်လှမ်းရေး (စရဖ) Military Affairs Security ကို ကက (ကြည်း) အောက်ပြန်သွပ်သွင်းခဲ့ကာ ဖွဲ့စည်းပုံနှင့်

အာဏာဖြန့်ဝေမှုကိုပြန်လည်ပြင် ဆင်ခဲ့ပါသည်။
ဦးသိန်းစိန်လက်ထက်တွင် Reform ပြန်လည်ပြင်ဆင်ရေး နှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လာသဖြင့် ထောက်လှမ်းရေး၏ ကဏ္ဍသည် စစ်အာဏာရှင်ခေတ်လောက် အရေးမပါခဲ့တော့ပါ။ သို့သော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်စစ်တပ်သည် အစိုးရအဖွဲ့၏ ပြင်ပစည်းဝိုင်းအတွင်းရပ်တည်နိုင်ရုံမက အရေးပါသော ဝန်ကြီး (၃) ဌာနကို စစ်ဦးချုပ်ကခန့်ပိုင်ခွင့်ပေးထားကာ လွှတ်တော်တိုင်းတွင် စစ်တပ်က ၂၅% နေရာ ရရှိနေမှုကြောင့် ၂၀၀၈ ခြေဥအရ အစိုးရပြီးလျှင် စစ်တပ်သည်ကိုယ်ပိုင် သီးခြားရပ်တည် နိုင်သောအဖွဲ့အစည်း (Institution) ဖြစ်လာပါတော့သည်။ တနည်းအားဖြင့် စစ်တပ်သည် အစိုးရကိုစောင့်ကြည့်နိုင်သော (မြို့စောင့်) တပ်ပုံသဏ္ဍာန်ဖြစ်လာပါတော့သည်။
စရဖ မှလွဲ၍ ထောက်လှမ်းရေးအဖွဲ့အစည်းများသည် ပြည်ထဲရေးအောက်တွင်ရှိနေ၍ ပြည်ထဲရေးကို ဒုဗိုလ်ချုပ်ကြီးက ဦးဆောင်ခွင့်ရထားသောကြောင့် ထောက်လှမ်းရေးဆိုသည်မှာလည်း စစ်တပ်အောက်တွင်သာရှိနေပါသည်။ ထို့ကြောင့် သမ္မတဦးသိန်းစိန်လက်ထက်တွင်သာမက ဒီမိုကရေစီအိုင်ကွန်ဒေါ်အောင်ဆန်းစုကြည်လက်ထက်တွင်လည်း အမျိုးသားလုံခြုံရေးဆိုသည်မှာ (စစ်တပ်) ၏ဩဇာအောက်တွင်သာကျန်ရစ်နေပေသေးသည်။
နိုင်ငံတိုင်းတွင် လုံခြုံရေးကဏ္ဍတွင် စစ်တပ်ပြီးလျှင်ထောက်လှမ်းရေးကဏ္ဍသည် အရေးပါလှပါသည်။ ထောက်လှမ်းရေးအဖွဲ့အစည်းတိုင်းကို (လမ်းညွှန်မှု) ပေးနိုင်ရပါမည်။ နိုင်ငံတိုင်း အစွမ်းထက်သော ထောက်လှမ်း ရေးအဖွဲ့မရှိ၍ မရကောင်းပါ။ ထောက်လှမ်းရေးအားနဲခဲ့သည်ရှိသော် (အကန်း) နှင့် တူနေပါလိမ့်မည်။ ထို့ကြောင့် ဗိုလ်ချုပ်နေဝင်းက စစ်ထောက်လှမ်းရေးကို ပြုစုပျိုးထောင်ပေးပြီး အာဏာပေးခဲ့ရသည်မဟုတ်ပါလား။ ဗိုလ်ချုပ်နေဝင်း၏အားကိုးမှုကြောင့် ကကလှမ်းသည် ကကကြည်းကို ပြိုင်နိုင်သည့်အခြေအနေဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် (အာဏာကျမ်း) ကြေသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ထောက်လှမ်းရေးကို ဦးချို အပြီး ကက (ကြည်း) ကိုပြိုင်နိုင်လောက်အောင်အဖြစ်မခံတော့ပါ။
ဒီမိုကရေစီအစိုးရတက်လာအပြီး စာရေးသူခဏခဏတွေးမိသည်မှာ အစိုးရအဖွဲ့ကို နေ့စဉ်တင်ပြရသော Situation Report ဟုခေါ်သော တိုင်းပြည်အခြေအနေတင်ပြချက်ကို ဘယ်သူဦးစီးနေပါသနည်း။ ဒေါ်စု အားလုံးကို (သိ) ရဲ့လား။ နေ့စဉ် ထောက်လှမ်းရေးအစီရင်ခံစာကို စိတ်ဝင်စားရဲ့လား ဆိုတာတွေပါ။ နိုင်ငံခေါင်းဆောင်လုပ်သူတွေဟာ တိုင်ပြည်လုံခြုံရေးကို (စိတ်ဝင်စား) တတ်ဖို့လိုပါတယ်။ သမ္မတ ကလင်တန် လက်ထက် ကလစ်ဖရယ်ပီပီ ထောက်လှမ်းရေးအစီရင်ခံစာ (Intelligence Report) ကို စိတ်မဝင်စားပါ။ ရာထူးလည်းငယ် အသက်လည်းငယ်သော Campaign မှပါလာသော လစ်ဖရယ်သူငယ်မက အိမ်ဖြူတော်တွင် ကြယ်လေးပွင့် နှင့် ဗိုလ်ချုပ်ကြီးကို (ဆဲ) သဖြင့်ပွက်လောရိုက်ခဲ့ဖူးပါတယ်။ သမ္မတဘုရ် (၄၃) လက်ထက်တွင်နေ့စဉ်ထောက်လှမ်းရေး အစီရင်ခံစာကို အလေးထားဖတ်ရှုပါတယ်။
လူတွေမသိသော ဖဆပလခေါင်းဆောင်တွေ ထောက်လှမ်းရေးနှင့် ပတ်သက်သော ငယ်စဉ်ကအဖြစ်ကလေး တစ်ခုကို တင်ပြပါရစေ။
ကိုအောင်ဆန်း ၊ သခင်နု ၊ ကိုကျော်ငြိမ်း ၊ ကိုရာရှစ်တို့ဟာ ၁၉၃၆ ဒုတိယကျောင်းသားသပိတ်မှာ နံမည်ကြီးလာခဲ့ကြတဲ့ သမဂ္ဂခေါင်းဆောင်တွေဖြစ်ကြတယ်။ သပိတ်ကောင်စီမှာ ကိုကျော်ငြိမ်းက အတွင်းရေးမှူးအပြင် ထောက်လှမ်းရေးတာဝန်လည်းယူရတယ်။ တနေ့ကိုအောင်ဆန်းက ရှူးရှူးရှဲရှဲနဲ့ ပါးစပ်ကလည်း “”Stupid Kyaw Nyein” ဆိုပြီးစိတ်ဆိုးပြီး သပိတ်ဌနချုပ်ကိုရောက်လာတယ်။ ရှိနေတဲ့ကျောင်းသားခေါင်းဆောင်တွေက ဝိုင်းမေးတော့ ကိုအောင်ဆန်းကို Shadow ရဲဒိုး၊ နောက်ကနောက်ယောက်ခံလိုက်လာလို့ ကိုအောင်ဆန်းကဒေါသူပုန်ပွပြီး စိတ်ဆိုးနေရပါသည်တဲ့။ အဲဒီမှာ ကိုကျော်ငြိမ်းက မင်းကဖြေးဖြေးမှ မလျှောက်တာ နောက်ကငါ့လူလည်းမှီအောင်လိုက်ရရှာတာပေါ့။ ကိုကြီးနု ၊ ရာရှစ်တို့ကပုံမှန်လျှောက်ကြတယ်လေ ၊ ဟဲဟဲဟဲ ဆိုပြီးရယ်နေတယ်တဲ့။ ဆိုလိုတာက ၊ ငါမင်းတစ်ယောက်ထဲကို ရှယ်ဒိုးထဲ့နောက်ယောက်လိုက်ခိုင်းတာမဟုတ် ၊ ကျန်တဲ့သူတွေကိုလည်း လိုက်ခိုင်းတာပဲလို့ဆိုလိုက်တာပါ။ ဦးဘရှမ်းကပြန်ရေးပြခဲ့တာပါ။ ဟုတ်တယ်လေ ၊ သူတို့တွေကြတာ တနစ်ပဲရှိကြသေးတာ။ ဘယ်သူဘာမှန်းမသိ။ အင်္ဂလိပ်စုံထောက်တွေကလည်း ဉါဏ်များကြပါဘိ။ သေခြာ

အောင်နောက်ယောက်ခံလိုက်ခိုင်းရတာပေါ့။ ပြည်သူ့သူပုန်ဖြစ်တဲ့ ပြည်သူ့အရေးတော်ပုံပါတီတုန်းကလည်း ဦးကျော်ငြိမ်းက ထောက်လှမ်းရေးကော်မီတီကိုဦးဆောင်ခဲ့ရတာပဲ။ ပြည်ထဲရေးဝန်ကြီးဖြစ်တော့လည်း (ရဲ) ရော ထောက်လှမ်းရေးအဖွဲ့ တွေဟာ ပြည်ထဲရေးအောက်မှာရှိကြတာပဲ။ ထောက်လှမ်းရေးကို ကြီးကိုင်ရတဲ့သူဟာ ထောက်လှမ်းရေးကိုလည်းစိတ်ဝင်စားရမယ် Guidance ပေးနိုင်ရမယ်လို့ စာရေးသူကဆိုလိုချင်တာပါ။

ဗိုလ်ချုပ်နေဝင်းဟာလည်းထောက်လှမ်းရေးကို မျက်မှန်တင်ဦးကို အကိုင်ခိုင်းပေးမဲ့သူကိုယ်တိုင်က ရဲဘော် (၃) ကျိပ်အဖြစ် ဂျပန်တွေစီက စစ်ပညာသင်တုန်းက ပြည်တွင်းသူပုန် လှုပ်ရှားရေးအတွက်ရွေးချယ်သင်တန်း ပေးခြင်းခံခဲ့ရတာမို့ ထောက်လှမ်းရေးပညာကိုမြီးခဲ့ရပါလိမ့်မယ်။ ဒါကြောင့်ထောက်လှမ်းရေး ဟာအရေးကြီးတယ်ဆိုတာကို (သိ) ခဲ့ပုံရပါတယ်။

ဦးသိန်းစိန်လက်ထက်မှာ ဒီမိုကရေစီအိုင်ကွန်အနေနဲ့ ဒေါ်အောင်စုကြည်စီမှာ နားတွေမျက်စိ တွေအများကြီး ရှိခဲ့ပါတယ်။ MPC အနေနဲ့ လည်း ဦးအောင်မင်းရဲ့သဘောတူညီချက်နဲ့ ဒေါ်စုရဲ့ Loyalist ကတဆင့် (အသိ) ပေးခဲ့တာတွေရှိပါတယ်။ ဒါပေမဲ့ ထောက်လှမ်းရေးဆိုတာ ရလာတဲ့သတင်းတွေကိုစိစစ်ရပါတယ်။ အခြေခိုင်တဲ့ သတင်းဟုတ်မဟုတ်။ Reliable ယုံကြည်လက်ခံနိုင်တဲ့ သတင်းဟုတ်မဟုတ် ၊ ဒီအဆင့်တွေကိုကျော်ပြီးမှ သုံးသပ်ဝေဖန်မှုကို နောက်ကြောင်းရာဇဝင်ကိုနော်ကျေနေတဲ့ Professional Analysis တွေက ထပ်မံသုံးသပ် စစ်ဆေးရပြန်တယ်။ ဒီအဆင့်တွေကိုကျော်ပြီးမှ အနောက်ပိုင်းထောက်လှမ်းရေးတွေသုံးနေကြတဲ့ (Actionable Information or data) လို့ခေါ်ကြတဲ့ အသုံးပြုနိုင်တဲ့ သတင်းဖြစ်မှ ဆုံးဖြတ်ရမဲ့သမ္မတ (သို့) ခေါင်းဆောင်ထံ တင်ပြကြရပါတယ်။ ဆုံးဖြတ်မဲ့သမ္မတအတွက် (အနုစ်) နဲ့ ရွေးရမဲ့ Options တွေကိုသာ တင်ပြရတာပါ။ ရသမျှသတင်းတွေကို ဆုံးဖြတ်ရမဲ့ခေါင်းဆောင်သာ Analyze လုပ်ရရင် မလွယ်နိုင်ပါ။

အမှန်အတိုင်းဝန်ခံရရင် ၊ NLD မှာ ထောက်လှမ်းရေးပညာကို Professionally လေ့လာထားသူ စာရေးသူရှာမတွေ့ပါ။ လက်လှမ်းမမှီတာလည်းဖြစ်နိုင်ပါသည်။

နောက်တစ်ခုက မြန်မာနိုင်ငံမှာ (လုံခြုံရေး) လို့ဆိုလိုက်တာနဲ့ စစ်တပ်ကမောင်ပိုင်စီးထားသည်မို့ ခေါင်း (၂) လုံးနှင့် Dragon နဂါးဖြစ်လာမှာလည်း စိုးရိမ်မိပါတယ်။

ဒီမိုကရေစီအစိုးရတက်လာပြီး အရေးပါလာတာက (ရခိုင်) အခြေအနေပဲဖြစ်ပါတယ်။ ဘာသာရေး၊လူမျိုးအပြင် အကြမ်းဖက်မှုအဆင့်ကိုခြေတလှမ်းတိုးခဲ့ကြပါပြီ။ အမှန်စင်စစ်ကမ္ဘာ့လစ်ဖရယ်တွေကုလသမဂ္ဂကတဆင့် ဘင်္ဂါလီအရေးကို Internationalize လုပ်ကာကမ္ဘာ့ပြဿနာဖြစ်အောင်ဖန်ထီးနေကြပါတယ်။ သူတို့ကလည်း စတင်အကြမ်းဖက်လာသေးတယ် ဗမာစစ်တပ်ကိုလက်ငြိုးထိုးပြီး ဘင်္ဂါလီတွေအတွက် လုံခြုံသောနယ်မြေ (Safe Area) ပေးပို့တောင်းဆိုလာကြပါတယ်။ ဒါတောင် အမေရိကားမှာ ဟီလရီမနိုင်ပဲ ကမ္ဘာ့တခွင်လစ်ဖရယ်တွေအရေးမလှလို့သာတော်သေးတယ်။

မြန်မာပြည်မြောက်ဖက်မှာ ကချင်နဲ့တိုက်ပွဲတွေပြင်းထန်လာကာ Northern Alliance ဆိုတဲ့ မြောက်ပိုင်းမဟာမိတ်အဖွဲ့ပေါ်လာပါပြီ။ AA နဲ့ TNLA တို့ဟာအရေးမပါသော်ငြားလည် (ကိုးကန့်) ဟာတရုတ်အတွက် အရေးပါလှပါတယ်။ တရုတ်ပြည်သူတွေက ကိုးကန့်ကို (ဟန်းတရုတ်) ဟုမြင်နေကြသည့်အတွက် တရုတ်အစိုးရအာ တွက်လစ်လျူမရှုနိုင်သလို မြန်မာနိုင်ငံအတွက်လည်း လိမ္မာစွာကိုင်တွယ်တတ်ဖို့လိုပါတယ်။

ကုလသမဂ္ဂမှာဆင့် တွန်းအားပေးလာသော ရခိုင်မှ ဘင်္ဂါလီကျူးကျော်သူများအရေးနဲ့ တရုတ်ကိုလိမ္မာစွာကိုင်တွယ်နိုင်ရန် ထိမိစူးလျှသော နိုင်ငံရေးပေါ်လစီကိုဖေါ်ဆောင်နိုင်ဖို့လိုအပ်လာပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ အမျိုးသားလုံခြုံရေးပေါ်လစီချမှတ်နိုင်ရန် နိုင်ငံခြားရေးသည်လည်းအရေးကြီးသောကဏ္ဍမှပါဝင်လာပါသည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်က သံအမှတ်ဟောင်း ဦးသောင်းထွန်းကို ဝန်ကြီးအဆင့်ပေးကာ နိုင်ငံတော်အမျိုးသားလုံခြုံရေးအကြံပေးအဖြစ်ဖေါ်ထုတ်လာသည်ဟုသုံးသပ်မိပါသည်။ အမျိုးလုံခြုံရေးအကြံပေးသည် သံအမတ်မှလာသည်ဖြစ်သောကြောင့် နိုင်ငံခြားရေးပေါ်လစီတွင်အားသာမှုရှိနိုင်သော်လည်း နှစ်ရှည်လများလုံခြုံရေးကို စစ်တပ်ကသာကိုင်တွယ်လွှမ်းမိုးထားသောကြောင့် ထောက်လှမ်းရေးနှင့်စစ်ရေးစစ်ရာတို့တွင် အားနဲနိုင်ပါသည်။ ထို့ပြင် လုံခြုံရေးကိုလွှမ်းမိုးထားသောစစ်တပ်နှင့် ထိပ်တိုက်မတွေ့စေချင်ပါ။ သို့ပါ၍ ဖြစ်နိုင်လျှင် စစ်တပ်နှင့် ငြိနှိုင်းပြီး စစ်တပ်မှစစ်ဗိုလ်ချုပ်တဦးကို ဒုဝန်ကြီးအဆင့်ပေးပြီး အမျိုးသားလုံခြုံရေးဒုတိယလူအဖြစ်

ဆွဲခေါ် လာကာ အမျိုးသားလုံခြုံရေးပေါ် လစီများချမှတ်ရာတွင် တစ်ခေါင်းထက်နှစ်ခေါင်းပူးပေါင်းစေခြင်းဖြင့် ပို၍ထိရောက်လေမလားဟုတွေးဆမိပါသည်။ အမေရိကားတွင်လည်း ဝန်ကြီးများကို Principals ဟုခေါ်၍ သူတို့၏ဒုဝန်ကြီးများကို Deputies ဟုခေါ်ကြပါသည်။ တချို့ကိစ္စတွေကို Deputies တွေကအဖြေရှာပြီးမှ principals တွေကိုတင်ပြကာ National Security Advisor ကတဆင့် သမ္မတစီကိုဆုံးဖြတ်ချက်တောင်းခံကြရပါသည်။

ပြည်တွင်းငြိမ်ချမ်းရေးတွင်ငှင်း အမျိုးသားလုံခြုံရေးတွင်ငှင်း တရုတ်ကြီး၏ကဏ္ဍသည် အလွန်အရေးကြီးလှပါသည်။ တရုတ်နှင့်သဘောတူမှုမရပဲ (အဖြေ) ရဖို့ခက်ပါသည်။ သို့ဖြစ်ပါ၍ တရုတ် Experts တွေမြန်မာအစိုးရတွင်လိုအပ်နေပါပြီ။ လူငယ်လေးတွေကိုပြင်ဆင်သတ် မှတ်ပြုစုပျိုးထောင်ပေးသင့်ပါပြီ။ တရုတ်နှင့်ဆက်ဆံရာတွင်ဆင်ခြင်အပ်သောဥပမာတစ်ခုကိုတင်ပြပါရစေ။

၁၉၆၆ ခုနှစ်တရုတ်ဗမာအရေးအခင်းအပြီး ယဉ်ကျေးမတော်လှန်ရေးကာလတလျှောက်တွင် တရုတ်ဗမာဆက်ဆံရေးတင်းမာခဲ့ပါသည်။ တိန်လျှောက်ပိန်ဒုတိယအကြိမ်နိုပ်ကွပ်ခံရပြီးတွင်ဗမာကွန်မြူနစ်ပါတီက (၄) ဦးဂိုဏ်းကိုထောက်ခံကာတိန်လျှောက်ပိန်ကိုစော်ကားခဲ့ကြပါသည်။ တိန်လျှောက်ပိန်ပြန်တက်လာသောအခါ ဗမာကွန်မြူနစ်ပါတီ ရေဒီယိုကအစ တရုတ်ပြည်မှပန်ဆောင်းကိုအရှေ့ခံရပါတော့သည်။ ဤအချိန်တွင် တိန်လျှောက်ပိန်နှင့် ဦးနေဝင်းတို့တွေ့ကြရာ ဆွေးနွေးပွဲအပြီးတွင် ဗမာစကားကျွမ်းကျွမ်း ကျင်ကျင်စွာ တတ်သော အမျိုးသမီးသံအမတ်က ကျေနပ်ရဲ့လားဟုမေးရာ ဗကပကိစ္စပေ့လည်လည်ဖြစ်ကြောင်းငြီးပြခဲ့ရာချက်ချင်း အစည်းအဝေးပြန်ခေါ်ပြီး ဗကပအကြောင်း (ဒဲ့) ဆွေးနွေးကြရာ ဗကပတွေ ဇာတ်သိမ်းခဲ့ကြရပါတယ်။ Bertil Litner ၏ဆွေးနွေးချက်အရ ကမ်ပူးခြားလေဆိပ်တွင် ဦးနေဝင်းပုံကြီးချိပ်ထားကာ ဘယ်သူမှန်းမသိ တရုတ်ကြီးဟု ထင်နေကြရာ ၊ အဲဒါမြန်မာနိုင်ငံရဲ့သမ္မတဦးနေဝင်းဟုရှင်းပြခဲ့ရကြောင်း၊ ခမာနီသို့ပို့သောတရုတ်လက်နက်များ တင်ဆောင်လာသောလေယဉ်များကို မြန်မာနိုင်ငံတွင်ရပ်နားခွင့်ပေးခဲ့ကြောင်းဆွေးဆွေးနွေးလာဖူးပါသည်။ ဦးနေဝင်းသည် ကမ္ဘာကကျဉ်ထားသော ပေါလ်ပိုတ် (Pol Pot) အစိုးရစီပထမဦးဆုံးသွားတွေ့ဆုံသောနိုင်ငံခြားခေါင်း ဆောင်ဖြစ်ပါသည်။ တိန်လျှောက်ပိန်နှင့် ဦးနေဝင်းအစည်းပွဲတွင်ပါဝင်ခဲ့သော နောင်အင်္ဂလန်ဆိုင်ရာသံအမတ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သောစစ်ဗိုလ်ဆရာဝန်က MPC မှပညာရှင်ကိုပြန်ပြောပြရာမှပြန်လည်ကြားသိခဲ့ရတာပါ။ တရုတ်နှင့်ဆက်ဆံရာတွင် (ဒဲ့) ဆက်ဆံဖို့လိုသည်ဟုထင်မြင်မိပါသည်။ တရုတ်ကို လူလည်လုပ်ဖို့ မစဉ်းစားသင့်ပါ။ တရုတ်ထောက်လှမ်းရေးကိုအထင်မသေးသင့်ပါ။

၂၀၀၄ ခုနှစ်က အိန္ဒိယ BJP အစိုးရတွင်ကာကွယ်ရေးဝန်ကြီးအဖြစ်ဆောင်ရွက်ခဲ့သော George Fernandes ကပြန်ပြောပြတာပါ။ Mr Fernandes ကစာရေးသူ၏ဖခင်ကြီးနှင့်ရင်းနှီးတဲ့သူပါ။ ၉-၁၁ အပြီးမှာ အမေရိကန်နိုင်ငံခြားရေးဒုဝန်ကြီးဟာ လေယဉ်ကွင်းကနေ သူ့အိမ်ကိုထိုက်ရိုက်ရောက်လာပြီး အမေရိကန် အိန္ဒိယပူးပေါင်း၍ အကြမ်းဖက်နှိမ်နင်းရေးကိုဆွေးနွေးပြီး ထိုက်ရိုက်ပြန်သွားတယ်ကွာတဲ့။ နောက်နေ့မနက်အစောကြီး တရုတ်သံအမတ်ရောက်လာပြီး မနေ့ကအမေရိကန်နဲ့တွေ့တဲ့အကြောင်းမေးပြီးငါ့ကိုတရုတ်ပြည် ကိုကြွခဲ့ ဖို့ဖိတ်တော့တာပဲတဲ့။ ဘယ်လိုသိတယ်ဆိုတာငါလည်း အံ့သြနေမိတယ်တဲ့။

အမေရိကန်နဲ့ တရုတ်ထောက်လှမ်းရေးတွေအကြားစိတ်ကွယ်ရာဆိုတာမရှိသလောက်ပါပဲ။ ဒါကြောင့် ကမ္ဘာ့နိုင်ငံရေးမှာမဟာမိတ်နိုင်ငံအချင်းချင်းတောင်ထောက်လှမ်းခံကြရပါတယ်။ အမရိကန်ကိုတောင်အစ္စရေး ထောက်လှမ်းရေး Mossad ကအလွပ်မှမပေးတာပဲ။

အမျိုးသားလုံခြုံရေးဆိုတာ ပေ ၄၀၀၀၀ ကကြည့်ပြီး ပြီးပြည့်စုံတဲ့ Comprehensive အမြင်ရှိရပါမယ်။ ပြီးမှ ဖက်လိုက်မှုမပါသော အမျိုးသားအကျိုးသက်သက်ကြည်နိုင်သော အမျိုးသားလုံခြုံရေးပေါ် လစီကို အများသဘောတူချမှတ်နိုင်မှုဟာအရေးကြီးပါတယ်။ ငြိမ်းချမ်ရေးပေါ် လစီဆိုတာလည်း ဒီအမျိုးသားလုံခြုံရေးပေါ် လစီရဲ့နောက်ဆက်တွယ် Derivative Policy သာဖြစ်သင့်ပါတယ်။ စာရေးသူအမြင်ကတော့ အမျိုးသားလုံခြုံရေးပေါ် လစီကိုရေးဆွဲရာမှာ ပြည်တွင်းတွင်စစ်တပ် ၊ ပြည်ပတွင်တရုတ်ကြီးကို အလေးထားစဉ်းစားရမှာဖြစ်ပါတယ်။ ပြောင်း လဲသွားပြီးဖြစ်သော အမေရိကန်ပေါလစီနဲ့ တရုတ်-အမေရိကန် ဆက်ဆံရေးသစ်ကိုလည်း မျက်ခြေပြတ်၍မရ ကောင်းပါ။

( မှတ်ချက် - ဘိုဘိုကျော်ငြိမ်း - မတ်လ ၁၃ရက် ၂၀၁၇ ရေးသားခဲ့ပြီး မေ-ဇွန် ထုတ် မဂ္ဂဇင်းတွင် ဖော်ပြပြီးသော ဆောင်းပါး ဖြစ်ပါသည်

# ဘာလဲဟဲ့ အမျိုးသားလုံခြုံရေးနဲ့ အမျိုးသားလုံခြုံရေးမူဝါဒ

ကိုရဲ

- 
- 
- 12.2k

---

- 
- 
- 

2 June 2018မြန်မာ့တပ်မတော်၏ ဆင်ဖြူရှင် စစ်ရေးလေ့ကျင့်မှု / Reuters

Want create site? Find Free WordPress Themes and plugins.

ယခုနှစ်ပိုင်းအတွင်း မြန်မာနိုင်ငံမှာ အမျိုးသားလုံခြုံရေးနဲ့ပတ်သက်ပြီး အတော်လေး ဂယက်ထနေတယ်။ အထူးသဖြင့် ရခိုင်ပြဿနာဖြစ် ခဲ့ပြီးနောက်ပိုင်း အမျိုးသားလုံခြုံရေးနဲ့ပတ်သက်ပြီး အတော်လေးပြောလာဆိုလာကြတယ်။ စိုးရိမ်ပူပန်မှုတွေ ကြီးထွားလာတာကိုလည်း တွေ့လာရတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းကတောင် ပြည်သူ့လွှတ်တော်မှာ ပျော်ဘွယ်မဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးက ရခိုင်ပြဿနာကိုရည်ညွှန်းပြီး နိုင်ငံတော်လုံခြုံရေးနဲ့ပတ်သက်တဲ့ အဆိုတခု တင်သွင်းတာတွေ့ခဲ့ရတယ်။ အဆိုရဲ့အနှစ်ချုပ်ကတော့ နိုင်ငံတော်လုံခြုံရေးအတွက် နိုင်ငံတော်အစိုးရအနေနဲ့ လုံလောက်တဲ့ကာကွယ်မှုတွေပြုလုပ်ပေးဖို့ တိုက်တွန်းထားတဲ့ အဆိုပါပဲ။

ဒီအဆိုတင်တာကို ကြည့်ရင်း တခု စဉ်းစားမိတယ်။ လက်ရှိ မြန်မာနိုင်ငံမှာ လုံခြုံရေးနဲ့ပတ်သက်ပြီး မေးခွန်းမေးစရာ တချို့ရှိပါတယ်။ အထူးသဖြင့် ပြည်သူတွေနဲ့ နိုင်ငံတော်ရဲ့ လုံခြုံရေးကို ဘယ်သူက

အဓိက ဦးစီးဦးဆောင်ပြုပြီး တာဝန်ယူဆောင်ရွက်မှာလဲဆိုတဲ့မေးခွန်း၊ နောက်ပြီး အဲ့ဒီလုံခြုံရေးဆိုတာနဲ့ပတ်သက်ပြီး လက်ရှိအချိန်မှာ ဘယ်လိုမူဝါဒတွေနဲ့ ဆောင်ရွက်နေလဲဆိုတဲ့မေးခွန်း၊ အဲ့ဒီမေးခွန်းတွေက အမျိုးသားလုံခြုံရေးနဲ့ပတ်သက်ရင် အခြေခံအကျဆုံးမေးခွန်းတွေဖြစ်ပါတယ်။ အင်မတန်မှ အရေးလည်းကြီးပါတယ်။

၂၀၀၈ အခြေခံဥပဒေရဲ့ပုဒ်မ ၃၃၉ မှာ "နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦး ဆောင်ရမည်"လို့ဆိုထားပါတယ်။ ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမယ်ဆိုတဲ့အတွက် တချို့တွေက အမျိုးသားလုံခြုံရေးဟာ တပ်မတော်ရဲ့ကိစ္စ၊ တပ်မတော်က ဦးဆောင်တာဝန်ယူရမယ့်ကိစ္စလို့ မြင်ကြတယ်။ လုံခြုံရေးနဲ့ပတ် သက်ပြီး စာရေးသူ အင်တာဗျူးဖူးတဲ့သူ အတော်များများကလည်း ဒီလိုပဲ ယုံယုံကြည်ကြည်ပြောကြတာ တွေ့ခဲ့ရဖူးပါတယ်။

ဒါပေမယ့် အမျိုးသားလုံခြုံရေးဆိုတာက ပြည်တွင်း၊ ပြည်ပအန္တရာယ်ကို ကာကွယ်တာထက် ပိုတယ်လို့ ဆိုကြပါတယ်။ တကယ်က လုံခြုံရေး နယ်ပယ်ဟာ ကျယ်ပြန့်လွန်းပါတယ်။ ပညာလောကမှာတော့ "အမျိုးသားလုံခြုံရေးဆိုတာ နိုင်ငံတစ်နိုင်ငံ တန်ဖိုးထားတဲ့ အဓိကတန်ဖိုး (Core values)တွေကို ခြိမ်းခြောက်မှုတွေကနေ ကာကွယ်ခြင်းဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်"ကို အများစုက လက်ခံထားကြပါတယ်။ ဒီနေရာမှာ နိုင်ငံတွေတန်ဖိုးထားတဲ့ အဓိကတန်ဖိုး ၃ ခုရှိတယ်လို့ ပညာရှင်တွေကဆိုကြတယ်။ ဒါတွေကတော့ "မိမိနိုင်ငံရဲ့နယ်နမိတ်တည်တံ့ခိုင်မြဲရေးနဲ့ နိုင်ငံရေးအရ အမှီအခိုကင်းပြီး လွတ်လပ်မှုရှိရေး၊ နိုင်ငံသားများကို အကာအကွယ်ပေးရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး" ဆိုတဲ့ အချက် ၃ ချက်ပဲ။ (Laura Neack – National, International, and Human Security: A Comparative Introduction, p-25)

ဒီတော့ နိုင်ငံတနိုင်ငံရဲ့အမျိုးသားလုံခြုံရေးဆိုရာမှာ မိမိနိုင်ငံရဲ့နိုင်ငံသားတွေလုံခြုံမှု၊ စီးပွားရေးအရ လုံခြုံမှုက စလို့ နိုင်ငံရေးအရ လုံ ခြုံမှု၊ အချုပ်အခြာအာဏာ ပိုင်စိုးမှုအထိ ကျယ်ကျယ်ပြန့်ပြန့် အကျုံးဝင်နေပါတယ်။ အဲ့ဒီအတွက် အမျိုးသားလုံခြုံရေးဆိုတာ ပြည်တွင်း၊ ပြည်ပအန္တရာယ် ကာကွယ်ရေးဆိုတာထက် ပိုတယ်လို့ ပြောခဲ့တာဖြစ်တယ်။ အထူးသဖြင့် အမျိုးသားလုံခြုံရေးဆိုတာ ကာကွယ်ခြင်း သက်သက်မဟုတ်၊ ပွားစီးဆောင်ရွက်ခြင်းဖြစ်တယ်ဆိုတဲ့ အမြင်ရှုထောင့်ကနေကြည့်ကြပါတယ်။

ဒါကြောင့် ဒီမိုကရေစီနိုင်ငံတွေမှာ အမျိုးသားလုံခြုံရေးဆိုတာကို ပြည်သူကရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်အစိုးရ တွေကပဲ ဦးဆောင်တာဝန်ယူပြီး ဆောင်ရွက်ကြရတယ်။ မြန်မာနိုင်ငံမှာလည်း ပြည်သူတွေက သူတို့ရဲ့အရေးအရာကိစ္စတွေကို သူတို့ ကိုယ်စားဆောင်ရွက်ပေးဖို့အတွက် ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရတရပ်ရှိတယ်။ ဒီအစိုးရဟာ ပြည်သူတွေရဲ့လုံခြုံရေး၊ နိုင်ငံတော်တစ်ခုလုံးရဲ့လုံခြုံရေးအတွက် အဓိကတာဝန်ရှိတယ်။ ဒီတော့ အမျိုးသားလုံခြုံရေးဆိုတာကို ဒီအရပ်သားအစိုးရကနေ ဦးစီးဦး ဆောင်ပြုပြီး တာဝန်ယူဆောင်ရွက်သွားဖို့ လိုတယ်လို့ မြင်ပါတယ်။

ဒါမှသာလျှင် အမျိုးသားလုံခြုံရေးဆိုတာဟာ "တပ်ကိစ္စ" တစ်ခုတည်းမဟုတ်ဘဲ နိုင်ငံရဲ့ နယ်ပယ်အရပ်ရပ်ကို လွှမ်းခြုံနိုင်မှာဖြစ်တယ်။ လူသားတဦးချင်းစီရဲ့လုံခြုံရေး၊ စီးပွားရေးလုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံရေးကစလို့ သံရေးတမန်ရေး၊ နိုင်ငံရေးဆိုင်ရာ လုံခြုံရေး၊ နိုင်ငံတကာလုံခြုံရေး ဆိုတာတွေအထိ ဖြန့်ကျက်နိုင်မှာဖြစ်တယ်။ နောက်ပြီး ဒီဘက်ခေတ် အမျိုးသားလုံခြုံရေးလို့ဆိုရာမှာ ကိုယ့်နယ်ပယ်နဲ့ကိုယ်၊ ကိုယ်ကောင်းမယ် ထင်တာတွေ လုပ်နေလို့ရတဲ့ကိစ္စမျိုးမဟုတ်ဘူး။ နယ်ပယ်အရပ်ရပ်ကို ပေါင်းစည်းပြီး အမျိုးသား လုံခြုံရေးခေါင်းစဉ်အောက်မှာ စုစုစည်းစည်း ဟန်ချက်ညီညီ ဆောင်ရွက်ကြရတဲ့ကိစ္စဖြစ်ပါတယ်။

ဥပမာဆိုရရင် – စစ်တိုက်တဲ့သူက သက်သက်၊ သံခင်းတမန်ခင်းက သက်သက်၊ နိုင်ငံရေးမူဝါဒချမှတ်တဲ့သူက သက်သက်၊ စီးပွားရေးမူဝါ ဒဖော်ဆောင်တဲ့သူက သက်သက်ဆိုပြီး ခွဲလုပ်လို့ရနိုင်တဲ့အနေအထားမျိုးမဟုတ်တော့ဘူး။ နိုင်ငံရဲ့နယ်ပယ်စုံ၊ ကဏ္ဍစုံကို အမျိုးသားလုံခြုံရေးခေါင်းစဉ်အောက်မှာ ပေါင်းစည်းဆက်စပ်ပြီး ဆောင်ရွက်နေကြတာကိုတွေ့ရပါတယ်။ ဒါတွေအားလုံးကို ပေါင်းစည်းနိုင်ဖို့ကလည်း ဒီ နယ်ပယ်တွေအားလုံးကို ဖြန့်ကျက်အာဏာသက်ရောက်တဲ့ အစိုးရက ဦးဆောင်ပြီး ဆောင်ရွက်ကြရပါတယ်။

ဒီနေရာမှာ အစိုးရအနေနဲ့လည်း ဒါတွေကို လက်တန်းဆောင်ရွက်တာမျိုးမဟုတ်ဘဲ မူဝါဒတွေ၊ မဟာဗျူဟာတွေချမှတ်ပြီး ဆောင်ရွက် ကြတာကိုတွေ့ရပါတယ်။ ဒါကြောင့် အမျိုးသားလုံခြုံရေးမူဝါဒ(National Security Policy)၊ အမျိုးသားလုံခြုံရေးမဟာဗျူဟာ(National Security Strategy)ဆိုတာမျိုးတွေ ပေါ်ထွန်းလာခဲ့တာဖြစ်ပါတယ်။ နိုင်ငံတနိုင်ငံမှာ ပြည်သူကရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့ ကိုယ်စားလှယ်အစိုးရဟာ အမျိုးသားလုံခြုံရေးမူဝါဒကို ချမှတ်ပြီး အဲ့ဒီမူဝါဒရဲ့ဦးဆောင်မှုနဲ့

အမျိုးသားလုံခြုံရေး မဟာဗျူဟာကို ဖော်ဆောင် ကြရပါတယ်။ ဒါဟာ ဒီနေ့ခေတ် နိုင်ငံတွေရဲ့ အမျိုးသားလုံခြုံရေးနယ်ပယ်မှာ ကျင့်သုံးဆောင်ရွက်နေကြတဲ့ လုပ်ရိုးလုပ်စဉ်ပါပဲ။

ဒီတော့ အထက်က မေးခွန်းတွေကို ပြန်ကောက်ရရင် အမျိုးသားလုံခြုံရေးဆိုတာ နိုင်ငံတနိုင်ငံရဲ့ အစိုးရက ဦးစီးဦးဆောင်ပြုတာဝန်ယူ ဆောင်ရွက်ဖို့လိုတယ်။ အဲ့ဒီလို ဦးစီးဦးဆောင်ပြုတာဝန်ယူဆောင်ရွက်တဲ့နေရာမှာလည်း လက်တန်းသဘောမျိုးမဟုတ်ဘဲ အမျိုးသားလုံ ခြုံရေးမူဝါဒတွေ၊ မဟာဗျူဟာတွေကို ကျကျနန ချမှတ်ပြီး ဆောင်ရွက်သွားဖို့ လိုပါတယ်။

ဒါကြောင့် အမျိုးသားလုံခြုံရေးလို့ပြောလာရင် အစိုးရအနေနဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာတွေ ရေဆွဲချမှတ်ထားဖို့ လိုပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာတော့ အမျိုးသားလုံခြုံရေးမူဝါဒ၊ မဟာဗျူဟာဆိုပြီး သတ်သတ်မှတ်မှတ်ပြဋ္ဌာန်းချမှတ်ထားတာမျိုး မတွေ့ရ သေးပါဘူး။ ၂၀၁၆ ခုနှစ်အစောပိုင်းကတော့ တပ်မတော်က ထုတ်ပြန်တဲ့ ကာကွယ်ရေး စက္ကူဖြူစာတန်း ၂၀၁၆ ဆိုတာတော့ရှိပါတယ်။ ဒါပေမယ့် ဒါဟာ စာရေးသူရဲ့ သိမှတ်ထားမှုအရကတော့ တပ်မတော်က ရေးဆွဲထားတာဖြစ်ပြီး အစိုးရက ဦးဆောင်ရေးဆွဲထားတဲ့ မူဝါဒ စာတန်းမဟုတ်ပါဘူး။ တကယ်ဆိုရင်တော့ အစိုးရအနေနဲ့ ဦးဆောင်ပြီး မြန်မာနိုင်ငံရဲ့ အမျိုးသားလုံခြုံရေးမူဝါဒ၊ အဲ့ဒီကမှ အမျိုးသားလုံ ခြုံရေးမဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ဖို့လိုပါတယ်။

ဒီနေရာမှာလည်း အမျိုးသားလုံခြုံရေးဆိုတာ အထက်ကပြောခဲ့သလို နယ်ပယ်အရပ်ရပ်ကို ဖြန့်ကျက်ထားတဲ့ အရေးကိစ္စဖြစ်တဲ့အတွက် လုံခြုံရေးအဖွဲ့အစည်းတွေကပဲ ဦးဆောင်ရေးဆွဲလို့ မဖြစ်နိုင်ဘဲ အစိုးရက ဦးဆောင်ပြီးရေးဆွဲဖို့ လိုအပ်ပါတယ်။ ဒါမှလည်း နိုင်ငံတော်ရဲ့လုံခြုံရေးအတွက် နယ်ပယ်အရပ်ရပ်ကို ပေါင်းစည်းပြီး စုစည်းဆက်စပ်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာတော့ အမျိုးသား လုံခြုံရေးမူဝါဒဆိုတာ အစိုးရဌာနအားလုံး ပေါင်းစပ်စုစည်းဆောင်ရွက်ရတဲ့မူဘောင်(The whole-of-government framework)လို့ ခေါ်ဆိုကြပါတယ်။ ဒီနေရာမှာ အစိုးရက ဦးဆောင်ရေးဆွဲတယ်ဆိုပေမယ့် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက ပါဝင်ပေါင်းစပ်ဆောင်ရွက် ကြရမှာဖြစ်ပါတယ်။

နိုင်ငံတွေဟာ အမျိုးသားလုံခြုံရေးမူဝါဒနဲ့ မဟာဗျူဟာအပေါ် အခြေပြုပြီး နိုင်ငံနဲ့ နိုင်ငံသားတွေရဲ့ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ကြ ရတယ်။ ဒီတော့ အမျိုးသားလုံခြုံရေးမူဝါဒနဲ့

မဟာဗျူဟာတွေဟာ အမျိုးသားလုံခြုံရေးနဲ့ပတ်သက်ရင် လမ်းညွှန်မှုဘောင်တွေဖြစ်ပါတယ်။ နောက်ပြီး အမျိုးသားလုံခြုံရေးမူဝါဒတွေ၊ မဟာဗျူဟာတွေကို ရေးဆွဲပြီးရင် လွှတ်တော်တွေကို တင်ပြပြီး အတည်ပြုချက်ယူကြရပါတယ်။ လွှတ်တော်တွေအနေနဲ့လည်း အတည်ပြုထားတဲ့ အမျိုးသားလုံခြုံရေးမူဝါဒတွေ၊ မဟာဗျူဟာတွေအပေါ်အခြေပြုပြီး နိုင်ငံရဲ့လုံခြုံရေးအတွက် နှစ်စဉ်ဘတ်ဂျက်တွေကို အတည်ပြုသုံးစွဲခွင့်ပေးကြတာပဲဖြစ်ပါတယ်။

ဒီတော့ အမျိုးသားလုံခြုံရေးမူဝါဒတွေ၊ မဟာဗျူဟာတွေ သတ်သတ်မှတ်မှတ်မရှိရင် နိုင်ငံတွေဟာ အမျိုးသားလုံခြုံရေးလို့ ဘယ်လောက် ပဲအော်နေ၊ အော်နေ၊ ဘယ်လောက်ပဲ စိုးရိမ်ပူပန်မှုတွေရှိနေ၊ ရှိနေ ဦးတည်ရာမရှိဘဲ မျောချင်ရာမျောနေတဲ့ လှေသဘောၤလိုပဲဖြစ်ပါလိမ့်မယ်။

ပြန်ချုပ်ရရင်တော့ မြန်မာနိုင်ငံမှာ အမျိုးသားလုံခြုံရေးနဲ့ပတ်သက်ပြီး လတ်တလော အတော်လေးဂယက်ထနေတယ်။ အစိုးရအနေနဲ့ လုံခြုံရေးဆိုင်ရာ လုံလောက်တဲ့ ကာကွယ်မှုတွေပြုလုပ်ပေးဖို့ အဆိုတွေ တင်တာကိုလည်းတွေ့ရတယ်။ ကျနော့်အမြင်ကတော့ အစိုးရ အနေနဲ့ အမျိုးသားလုံခြုံရေးကို ကျကျနန စီမံခန့်ခွဲဆောင်ရွက်ဖို့လိုတယ်။ အဲ့ဒီလို စီမံခန့်ခွဲဆောင်ရွက်ဖို့အတွက် အမျိုးသားလုံခြုံရေးနဲ့ ပတ်သက်ရင် အစိုးရက ဦးဆောင်ပြီး စီမံခန့်ခွဲနိုင်ရမယ်။ ဦးဆောင်နိုင်ဖို့လည်း ပြင်ဆင်ရမယ်။ အဲ့ဒီလိုပြင်ဆင်တဲ့နေရာမှာ အမျိုးသားလုံခြုံရေးဆိုင်ရာ မူဝါဒတွေ၊ မဟာဗျူဟာတွေကို အစိုးရက ဦးဆောင်ရေးဆွဲချမှတ်ပြီး အားလုံးကို ပေါင်းစည်းဆောင်ရွက်သွားဖို့ လိုအပ်တယ် လို့ သုံးသပ်မိပါတယ်။

*(ကိုရဲသည် ပြည်တွင်း သုတေသနအဖွဲ့အစည်းတစ်ခုဖြစ်သော တကောင်းနိုင်ငံရေးလေ့လာမှုအဖွဲ့၏ အမှုဆောင်ဒါရိုက်တာဖြစ်သည်)*

# ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၃၂၅ – အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အမျိုးသားအဆင့်သင်တန်းသို့

# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ တက်ရောက်ခြင်း

၁၀ ဇွန် ၂၀၁၆

ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၃၂၅– အမျိုးသမီးများ၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေးဆိုင်ရာ အမျိုးသားအဆင့်သင်တန်း (National Training Programme in UN Security Council Resolution 1325– Women, Peace and Security) ကို ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့နှင့် ဥပ္ပဆာလာမြို့တို့တွင် ၂၀၁၆ ခုနှစ်၊ မေလ (၉) ရက်နေ့မှ (၂၇) ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ ယင်းသင်တန်းသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးစိုးဘုန်းမြင့် တက်ရောက်ခဲ့ပါသည်။

ယင်းသင်တန်းသို့ တက်ရောက်ရန် Swedish International Development Cooperation Agency (Sida) က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ သင့်တော်သူကိုယ်စားလှယ်များ ကို ဖိတ်ကြားရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းသင်တန်းသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကိုယ်စားလှယ် (၁) ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၂) ဦး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၂) ဦး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၂) ဦး၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ် (၁) ဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ကိုယ်စားလှယ် (၁) ဦးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၂၀) ဦး၊ စုစုပေါင်း သင်တန်းသား (၂၉) ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါသင်တန်း၏ ရည်ရွယ်ချက်များမှာ (၁) ပဋိပက္ခများတွင် အမျိုးသမီးများ၏ အခြေအနေနှင့် အထူးလိုအပ်ချက်များအကြောင်း နားလည်သဘောပေါက်မှု ပိုမိုမြှင့်တင်ရန်၊ (၂) ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၃၂၅ ကို အကောင်အထည်ဖော်ရေးအတွက် ကိရိယာနည်းလမ်းများကို အသုံးပြုခြင်း စွမ်းဆောင်ရည်မြင့်မားစေရန်၊ (၃) နိုင်ငံတော်အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများက ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၃၂၅ အား မည်သို့ဆောင်ရွက်နိုင်သည်ကို နားလည်သဘောပေါက်မှု တိုးမြှင့်စေရန်၊ (၄) ပဋိပက္ခများအတွင်း နိုင်ငံရေးဆောင်ရွက်မှုများ၌ အမျိုးသမီးများ၏ လွှမ်းမိုးပါဝင်ဆောင် ရွက်နိုင်မှုအတွက်

မည်သို့အသုံးချ အားပေးရန်လိုကြောင်း အသိဉာဏ်တိုးတက်စေရန်နှင့် (၅) ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၃၂၅ အပေါ် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အပြန်အလှန်ချိတ်ဆက်မှုကွန်ယက်ကို တည်ဆောက်ရန်တို့ ဖြစ်ပါသည်။

အဆိုပါသင်တန်းတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၃၂၅ အကြောင်း မိတ်ဆက်၊ စီမံချက်ဆိုင်ရာ စီမံခန့်ခွဲမှု၊ လူ့အခွင့်အရေးများအကြောင်း၊ ပြောင်းလဲမှုအတွက် ရည်ရွယ်ခြင်းဆိုင်ရာ စီမံချက်မိတ်ဆက်၊ ကျားမရေးရာမိတ်ဆက်နှင့် ကျားမရေးရာနှင့် ပဋိပက္ခ၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၃၂၅ အမြင်မှ လုံခြုံရေးပိုင်းနှင့် လူ့အခွင့်အရေး လှုပ်ရှားကာကွယ်သူများအပေါ် ရှုမြင်ချက်၊ သင်ကြားရေးနှင့် ဆက်ဆံရေး၊ သတင်း မီဒီယာအစဉ်အလာနှင့် မေးမြန်းခြင်း နည်းနိဿယ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ ပဋိပက္ခ၌ လိင်အကြမ်းဖက်မှုနှင့် ကျားမဆိုင်ရာ အကြမ်းဖက်မှု၊ ကျားမရေးရာဆိုင်ရာ ဘတ်ဂျက်ခွဲဝေချထားမှု၊ နိုင်ငံရေး၌ အမျိုးသမီးများ ပါဝင်မှု- ကိုတာစနစ်၊ စီမံချက်ဆိုင်ရာ အမေးအဖြေများ၊ ပဋိပက္ခအပေါ် ခွဲခြမ်းစိတ်ဖြာမှု၊ ပဋိပက္ခဆုံးဖြတ်ချက်များ၊ ထိုင်းနိုင်ငံ၏ နိုင်ငံရေးများ၌ အမျိုးသမီးများပါဝင်မှုနှင့် အာရှတွင် အမျိုးသမီးနှင့် ငြိမ်းချမ်းရေးအကြောင်း စသည့် သင်တန်းဘာသာရပ်များအပေါ် သက်ဆိုင်ရာပုဂ္ဂိုလ်တို့က ပို့ချဆွေးနွေးကြပါသည်။ ထို့ပြင် ယင်းသင်တန်းတွင် ဆီွဒင်ပါလီမန်၊ စတော့ဟုမ်းမြို့ရှိ အမျိုးသမီးများအား အကြမ်း ဖက်မှုဆိုင်ရာကိစ္စများကို ကိုင်တွယ်ဆောင်ရွက်ပေးသည့် ရဲနှင့်ပူးပေါင်းဆောင်ရွက်သော အိမ်တွင်းအကြမ်းဖက်မှုစင်တာနှင့် ဥပ္ပ်ဆာလာမြို့ရှိ အမျိုးသားများက အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ဆွီဒင်အမျိုးသားစင်တာ စသည့်နေရာများသို့လည်း လေ့လာရေးသွား ရောက်ဆွေးနွေးမှုများပြုလုပ်ပါသည်။ သင်တန်းကာလတစ်လျှောက် အုပ်စုလိုက်ဆွေးနွေးပြီး ပြန်လည်တင်ပြဆွေးနွေးခြင်းများ၊ တစ်ဦးချင်းအမြင် ပါဝင်ဆွေးနွေးမှုများ၊ အမေးအဖြေများ ဖြင့် ဆွေးနွေးမှုများလည်း ပြုလုပ်ကြပါသည်။